
မောင်ညိုမှိုင်း
(သန်လျင်)
ကြောင်တစ်ရာသက်ပြင်းနှင့်
အင်းတစ်ထောင်မင်းဂေါင်

## အခန်း(၁)
## ကျွန်ုပ်ထံရောက်ထူးဆန်းသောစာတစ်စောင်

တစ်နေ့သောအခါ စာပို့သမားတစ်ဦးသည် ကျွန်ုပ်အမည်နှင့် စာတစ်စောင် ကျွန်ုပ်ထံသို့ လာပေးခဲ့သည် ။ စာအိတ်ကိုမဖွင့်ခင် စာလာရာအရပ်၏ တံဆိပ်တုံးကို ကြည့်လိုက်သောအခါ မြစ်ဝကျွန်းပေါ်မြို့လေးတစ်မြို့မှ ဖြစ်ကြောင်း သိရှိရသဖြင့် စာအိတ်ကို ဖောက်ပြီး ဖတ်လိုက်သော အခါ... စာမှာ သာမန်တမျှမဟုတ်ဘဲ။ ကျွန်ုပ်အတွက် လွန်စွာထူးခြားထူးဆန်းနေသော စာတစ်စောင်ဖြစ်နေသည်ကို တွေ့ရှိရလေသည် ။

စာရေးသူ၏ အမည်မှာ ဦးရွှေလေးမောင် ဟု ခေါ်၏။ ဦးရွှေလေးမောင် ရေးလိုက်သည့် စာအပြည့်အစုံကို စာဖတ်သူအများ သိရှိနားလည်စေရန် ဖော်ပြရလျှင် အောက်ပါအတိုင်း ဖြစ်လေ သည် ။

သို့

စာရေးဆရာ ဦးညိုမှိုင်း ... ခင်ဗျား။

လေးစားစွာဖြင့် စာရေးဆက်သွယ်လိုက်ရပါတယ်ခင်ဗျား။ ကျွန်တော်သည် ဆရာ့ရဲ့ စာဖတ် ပရိသတ်တစ်ဦးလည်း ဖြစ်ပါတယ်။ ဆရာလစဉ်ရေးသားနေသည့် သူရဋ္ဌမဂ္ဂဇင်း၊ သည်းထိတ်ရင်ဖို မဂ္ဂဇင်း၊ မြို့တော်မဂ္ဂဇင်း၊ ဂမ္ဘီရမဂ္ဂဇင်းများမှ ဂမ္ဘီရဆန်းကြယ်ဝတ္ထုများကို အစဉ်တစိုက်ဖတ်ခဲ့ သည် မှာ ကာလအတန်ကြာခဲ့ပါပြီ ဆရာ ခင်ဗျား”

အထူးသဖြင့် ... ဆရာရဲ့ 'အံ့ပွား'ဝတ္ထုတိုပေါင်းချုပ်မှ ဘယ်အံ့ပွားနှင့် ညာအံ့ပွား ဇာတ်ကောင်နှစ်ဦးအကြောင်းကို ဖတ်ရသောအခါ ... အခြားသူများ ယုံချင်မှ ယုံနိုင်ကြပေမယ့်။ ကျွန်တော်လက်ခံနိုင်ခဲ့ပါတယ်ဆရာ ။ အကြောင်းကတော့ ... မြန်မာ့လောကီပညာများ ထဲမှ အံ့ဖွယ် ဆန်းကြယ်လူသားအချို့ကို ကျွန်တော်ကိုယ်တွေ့ ကြုံခဲ့ရဖူးလို့ ပါပဲခင်ဗျား။

တစ်ခါ ... တလောကထွက်ခဲ့သည့် ဆရာရဲ့ 'မြွေဝင်စားမခင်မြွေ' ဂမ္ဘီရဆန်းကြယ် လုံးချင်း ဝတ္ထုနှင့် 'လူထူးဆန်းဘတိုက်ပုံဦးရာကျော်'စာအုပ်များကို ဖတ်ပြီးသောအခါ ... ဆရာ ဦးညိုမှိုင်း ကို အထူးပြောပြချင်သောစကားနှင့် ဇာတ်ကြောင်းတစ်ခု ရင်ထဲမှာ ဖြစ်ပေါ်ခဲ့ရပါတယ်။

လူထူးဆန်း ဘတိုက်ပုံဦးရာကျော်ဝတ္ထုအဖွင့်မှာ ဆရာက လူထူးဆန်းဘတိုက်ပုံဦးရာကျော် အား သွားရင်းလာရင်းတစ်နေရာရာမှာ မြင်တွေ့ခဲ့ပါလျှင် စာရေးသူထံအကြောင်းကြားပေး ပါရန်လေးစားစွာ မေတ္တာရပ်ခံပါသည် ဟု ရေးသားထားသည် ကိုလည်း ဂရုတစိုက်ဖတ်မိပါတယ် ဆရာ ဦးညိုမှိုင်း ခင်ဗျား ...

ဒီနေရာမှာ ... အဓိကပြောချင်တာကတော့ လူထူးဆန်းဘတိုက်ပုံဦးရာကျော် ကို တွေ့လို့ လှမ်းစာရေးအကြောင်းကြားတာ မဟုတ်ပါခင်ဗျား ။ ဆရာရဲ့ ဇာတ်လိုက်ကြီး လူထူးဆန်းဘတိုက်ပုံ ဦးရာကျော် ကဲ့သို့နည်းတူ ... လွန်စွာထူးခြားဆန်းကြယ်သောလူပုဂ္ဂိုလ်ထူးတစ်ဦးကို ကျွန်တော် ငယ်ရွယ်နုပျိုစဉ် လုပ်ငန်းတာဝန်ထမ်းဆောင်ချိန်က ထူးထူးခြားခြားကြုံတွေ့ခဲ့ရလို့ ပါပဲ။

ဒီနေရာမှ စ၍ ကျွန်တော့်ကိုယ်ကျွန်တော် မိတ်ဆက်ပါရစေဆရာ။ ကျွန်တော်၏ အမည်မှာ ဦးရွှေလေးမောင် လို့ ခေါ်ပါတယ်။ ယခုအသက် (၈၅)နှစ်အရွယ်ရှိနေပါပြီ။ နေတာကတော့ ဇရာဝတီတိုင်း

(…မြို့နယ်)မှာ ပါ။ ကျွန်တော်ဟာ … လွတ်လပ်ရေးမရခင်ကာလက … ဆရာတို့ အခုနေသည့် ဟိုးယခင်အခေါ် ဟံသာဝတီအရှေ့ခြမ်း သန်လျင် ၊ ကျောက်တန်း၊ ခရမ်း၊ သုံးခွ၊ ပဲခူး စသည့် ဒေသများမှာ အုပ်ချုပ်သူအင်္ဂလိပ်အစိုးရမင်းရဲ့ အမှုတော်ထမ်းအထူးထောက်လှမ်းရေး (စုံထောက်) တာဝန်ကိုထမ်းဆောင်နေစဉ်အချိန်က ဖြစ်ပါတယ် …

အဲဒီမှာ “ကြောင်တစ်ရာသက်ပြင်း”ဆိုသည့် လူထူးဆန်းတစ်ဦးအင်းတစ်ထောင်မင်းဂေါင် ဆိုသည့် လူထူးဆန်းအဘိုးကြီးတစ်ဦးနဲ့ မမျှော်လင့်ဘဲပတ်သက်ခဲ့ရပါတယ်။ ဒီလူနှစ်ဦးစလုံးဟာ ကျွန်တော်တွေ့ဖူးသမျှလူတွေထဲမှာ တော့ တော်တော်ကိုဆန်းကြယ်သည့် လူထူးလူဆန်းလူအံ့မခန်း နှစ်ဦးပါပဲခင်ဗျား။

ဒီလူထူးဆန်းနှစ်ဦးနဲ့ ကြုံရပုံကလည်း … မြန်မာနိုင်ငံတစ်ခုလုံး အင်္ဂလိပ်အစိုးရ ဒုတိယ အကြိမ် အုပ်ချုပ်စဉ်က … မြန်မာလူမျိုးများအားလုံးဟာ အမျိုးသားရေးရာ … နိုင်ငံရေးရော တစ်ဟု န်ထိုးနိုးကြားချိန်ဖြစ်ပါတယ် … လွတ်လပ်ရေးရဲ့ စပ်ကူးမပ်ကူးကာလမို့ … မြို့ရွာနယ်ပယ် အနှံ့မှာ လည်း လွတ်လပ်ရေးကြိုးပမ်းမှု(မငြိမ်မသက်)များ ဖြစ်နေကြပါတယ်။

ဒီမှာ ကျွန်တော်တာဝန်ယူရသည့် အပိုင်းက … ကိုယ်တာဝန်ကျရာဒေသက မငြိမ်မသက် ဖြစ်အောင် လုပ်သူများကိုအနီးကပ်စောင့်ကြည့်ပြီး … အထက်ကိုလျှို့ဝှက်သတင်းပေးပို့ရတဲ့ တာဝန် အလုပ်ပါ … အဲဒီမှာ ပဲ … မြို့ကျော်ရွာကျော်နယ်ကျော် လူဆိုးလူသွမ်းကြီး ကြောင်တစ်ရာသက်ပြင်းနဲ့ အင်းတစ်ထောင်မင်းဂေါင် ဆိုသော လူကြီးကိုကြုံတွေ့ခဲ့ရတာပါ။

ဒီလူထူးဆန်းနှစ်ဦးရဲ့ ဘဝဖြစ်ရပ်များ ဟာ မြန်မာဂမ္ဘီရလောကီနယ်

ပယ်မှာ တော့ အတော့်ကို ထူးခြားဆန်းကြယ်လှတာမို့ ဂမ္ဘီရဝတ္ထုဇာတ်လမ်းများ ရေးနေတဲ့ ဆရာ့လို စာရေးဆရာကို အသေးစိတ် ပြောပြချင်ပါတယ်။

ကျွန်တော့်ဆီမှာ သူတို့ နှစ်ဦးနဲ့ စပ်ဆိုင်တဲ့ မှတ်စုမှတ်ရာများ လည်း ကာလကြာစုဆောင်း သိမ်းဆည်းထားသည် မို့ မပျောက်မပျက်ရှိနေပါတယ်။ အကယ်၍ များ ဆရာဦးညိုမှိုင်း စိတ်ဝင်စား မယ်ဆိုရင် ကျွန်တော်ရေးပေးလိုက်သည့် လိပ်စာအတိုင်း ကျွန်တော့်အိမ်ရှိရာအရပ်ဒေသသို့ လာရောက်တွေ့ဆုံစေချင်ပါတယ်။ ဒီအကြောင်းကိုပြန်ပြောရလို့ .. အကျိုးအမြတ်တစ်စုံတစ်ရာ မျှော်ကိုးမျှော်လင့်စိတ် လုံးဝမရှိပါ ဆရာဦးညိုမှိုင်း ခင်ဗျား။

ဆရာရှိရာအရပ်ဒေသသို့ ကိုယ်တိုင်လာရောက်တွေ့ဆုံ ပြောပြချင်ပါသော်လည်း အသက် အရွယ်ကကြီးလှပြီဖြစ်ပါ၍ သွားလာနေထိုင်ရေးမှာ အခက်အခဲရှိနေလို့ ပါဆရာ ... ကျွန်တော့်ထံ လာရောက်နိုင်ပါမူ ... စားရေးသောက်ရေးနေရေးထိုင်ရေး ဘာမှ ပူပင်စရာမလိုပါ ဆရာ ခင်ဗျား။ ကျွန်တော့်မိသားစုများအားလုံးကလည်း ဆရာရဲ့ စာဖတ်ပရိသတ်များ ဖြစ်ကြပါတယ်။ ဆရာစိတ်ဝင် စား၍ ကြားသိလိုပါက .. ကြိုတင်စာရေးအကြောင်းကြားလိုက်ပါရန်လည်း မေတ္တာရပ်ခံပါတယ် ခင်ဗျား။

ဆရာနှင့် တကွ ဆရာ့မိသားစုများ ကျန်းမာချမ်းသာပြီး နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေ။

ဦးရွှေလေးမောင်

(...)ရပ်၊ မြောင်းမြမြို့နယ်။

ဧရာဝတီတိုင်း။

ဖော်ပြပါ ဧရာဝတီတိုင်း မြောင်းမြမြို့နယ်မှ အငြိမ်းစားစုံထောက်အရာရှိ ဦးရွှေလေးမောင် ရဲ့ စာကို ဖတ်လိုက်ရသောအခါ ကျွန်တော်လွန်စွာစိတ်ဝင်စားသွားခဲ့ရပါသည် ။ ကျွန်တော်တို့ စာသမားဆိုသည် က ... စိတ်ဝင်စားစရာအကြောင်းအရာ ကျောရိုးကောင်းလေးများ ရခဲ့လျှင် ဉာဏ်လေးကွန့်၍ တောက်စားရေးဖွဲ့ရပါသည် ။

အထူးသဖြင့် ဂမ္ဘီရနှင့် နွှယ်သောဝတ္ထုများကို ရေးရသည် မှာ လွန်စွာလက်ဝင်လှပါသည် ။ ယုတ္တိယုတ္တာရှိဖို့ လည်း လိုအပ်သလိုအချို့ဂမ္ဘီရဇာတ်လမ်းများ ၌ ဘုရားဟောနှင့် လည်း လိုက်လျော ညီထွေရှိဖို့ အရေးကြီးသည် ကိုလည်း ထည့်သွင်းစဉ်းစားရပါသည် ။

ဆန်းဆန်းကြယ်ကြယ်တွေ ဖန်တီးရေးတိုင်းလည်း စာဖတ်သူက လက်ခံချင်မှ လက်ခံသည် ကို ကြားနေကြုံနေရပါသည် ။ ကျွန်တော့် ‘အံပွား’နှင့် ဂမ္ဘီရဆန်းကြယ်ဝတ္ထုတိုများ လုံးချင်းကို ရေးသားထုတ်ဝေပြီးချိန်က ... ‘အံပွား’ ပါရင်ပြီးမပြီးကိစ္စကို မေးမြန်းဆွေးနွေး အငြင်းပွား၊ ပြက်ရယ်ပြုမှုများ အထိ ကြုံခဲ့ရဖူးပါသည် ။ ၎င်းဝတ္ထုတိုကိုရေးစဉ်က ‘အံပွား’ကြောင့် ‘ပီး’ပြီးအသက်ကြီးမှ သာမန်ရောဂါနှင့် ကွယ်လွန်သွားသူနှစ်ဦးကို အခြေခံ၍ ရေးခဲ့ပါသည် ။

ဒီနေရာမှာ ‘အံပွား’ပါရင် ‘ပီး’ရောလား ... ကိစ္စကိုနည်းနည်းပြောချင် ပါသည် ။ အချို့ ... မြန်မာ့လောကီ အဆန်းတကြယ်ပစ္စည်းများဖြစ်ကြသော ... အုန်းအမတေ၊ ဂျိုးအမတေ၊ ဆင်မာန်စွယ်၊ ဝက်မာန်စွယ်၊ ကာယသိဒ္ဓိလက်ဖွဲ့၊ ဓာတ်လုံးစသည် တို့ ရကြသည် ရှိပါသည် ။ ဒီနေရာမှာ ‘သိဒ္ဓိ’ ပြီးမြောက်မှုရှိမှ သာ စွမ်းပါသည် ။ သိဒ္ဓိပြီးမြောက်မှု စွမ်းအင်ပါဝါမပါလျှင် ၎င်းပစ္စည်း မစွမ်းပါ။

ဒုတိယ သိဒ္ဓိပြီးပစ္စည်းပိုင်ရှင်၏ ကိုယ်ကျင့်သီလတရားဖြစ်ပါသည် ။ အကျင့်သီလ ကောင်းလျှင် ... သိဒ္ဓိဝင်ပစ္စည်းမှာ စောင့်ရှောက်သည့် ပုဂ္ဂိုလ်များက စွမ်းအင်ထူးများကို ပေးလေ့ ရှိပါသည် ။ အချို့သိဒ္ဓိဝင်ပစ္စည်းများ သည် ကောင်းကျိုးဘက်မှာ စွမ်းသည် လည်း ရှိ၏။ မကောင်းကျိုးဘက်မှာ စွမ်းသည် လည်း ရှိ၏။ သုံးစွဲမှုအပေါ်မူတည်၍ အင်းအိုင်၊ ခါးလှည့်၊ လက်ဖွဲ့၊ ဆေးဝါး၊ မန္တရားတို့ သည် ကောင်းကျိုးဆိုးကျိုးကို ပေးလေ့ရှိပါသည် ။

အချို့သိဒ္ဓိဝင်ပစ္စည်းများ သည် ရရှိသုံးစွဲသူ၏ ဘုန်းကံအကျင့်သီလကိုအမှီပြု၍ တစ်ခဏ ကောင်းကျိုးချမ်းသာပေးခြင်း (သို့မဟုတ်) အစွမ်းထက်ခြင်းရှိသကဲ့သို့။ ရေရှည်သက်ထက်ဆုံး အစွမ်းအာနိသင် ထက်မြက်ခြင်းလည်း ရှိကြပါသည် ။

ကျွန်တော်သည် အုန်းအမတေ(အမြုတေ)နှင့် စပ်လျဉ်း၍ လည်း အဖေအဘိုးနှင့် ဦးလေးတို့ ကိုယ်တွေ့ဘဝကို ရေးသားခဲ့ဖူးပါသည် ။ မြွေအမတေ(အမြုတေ)နှင့် စပ်လျဉ်း၍ လည်း ဝတ္ထု ဇာတ်အိမ်ဖွဲ့၍ ရေးခဲ့ဖူးပါသည် ။ အမြုတေအပါအဝင် အင်းအိုင်ခါးလှည့်လက်ဖွဲ့ဓာတ်လုံး ဂါထာ မန္တရားတို့ သည် ဆိုခဲ့သလို ... သူ့သိဒ္ဓိနှင့် သူကောင်းကျိုးဆိုးကျိုးအနည်းနှင့် အများ ပေးကြလေ့ ရှိကြသည် မှာ မြန်မာ့လောကီပညာနယ်ပယ်၏ ဆန်းကြယ်အံ့ဖွယ်ဖြစ်စဉ်များ ဖြစ်ပါသည် ။

ကြို့တုန်းကြို့ခိုက် ... သိဒ္ဓိမိုးဂျာနယ်၌ ဆရာ ရှိန်းအောင်(ဂမ္ဘီရဗေဒ) ၏ ရေးသားခဲ့သော “ဘေးထွက်အကျိုးဆက်များ ” ဆောင်းပါးမှ စာပိုဒ်အဆိုပြုချက်အချို့ကို ကောက်နုတ်ကိုးကား ဖော်ပြချင်ပါသည် ။ သည်မှာ ဆရာရှိန်းအောင် က ဤသို့ရေးသားမှတ်တမ်းတင်ခဲ့၏။

“မြန်မာနှစ် ၁၁၅၆-ခုနှစ်က ဟံသာဝတီမြို့ဝန်သည်

ဟံသာဝတီကျေး ပင်လယ်အရပ်တွင် တွေ့ရသော အရှည်ဆယ်လံကျော် လုံးပတ်သုံးတောင် တစ်ထွာခန့်ရှိ မြွေစိမ်းသေတစ်ခု၏ ဦးခေါင်းမှ ရရှိသော ပုလဲတစ်လုံးကို အမရပူရပြည့်ရှင် ဘိုးတော်ဘုရားမင်းကြီးကို ဆက်သနိုင်ခဲ့သည် ။ ၎င်းပုလဲသည် စိမ်းညိုညိုအဆင်းရှိလျက်၊ လုံးလျောင်းလျောင်းသဏ္ဌာန်ရှိသည် ဟူ၏။ ဤသည် ကို အကြောင်းပြု လျက် အတွင်းဝန်မင်းကြီး နန္ဒကျော်ထင်က သာရတ္ထဒီပနီကျမ်းကို ကိုးကားကာ ဆင်ဦးကင်း၌ ဖြစ်သောပုလဲ၊ ဝက်စွယ်၌ ဖြစ်သောပုလဲ၊ မြွေဦး ခေါင်း၌ ဖြစ်သောပုလဲ၊ ဝါး၌ ဖြစ်သော ပုလဲ၊ ငါးဦးခေါင်း၌ ဖြစ်သောပု လဲ၊ တိမ်တိုက်၌ ဖြစ်သောပုလဲ၊ ခရုသင်း၌ ဖြစ်သောပုလဲ၊ ယောက်သွား ၌ ဖြစ်သောပုလဲ ဟူ၍ ပုလဲရှစ်မျိုးရှိကြောင်း စာတမ်းတစ်စောင်ပြု တင်သွင်းလျှောက် ထားခဲ့သည် ဟု … ရေးသားထား၏။

ဆက်လက်၍ … ဤမြွေစိမ်းခေါင်းမှ ရသော ပုလဲရတနာသည် အာနုဘော်ကြီးမြတ်သည် ဖြစ်၏။ အမှတ်တမဲ့ ထားတော်မမူရာ။ အကွင်းအချည်လျော်ရာပြုပြီး၊ အမြဲမပြတ်သုံးစွဲ တော်မူသင့်သည် ဟု တင်သွင်းလျှောက်ထားသည် ကို တွေ့ရှိရသည် ။

များ သောအားဖြင့် ပုလဲဟု ဆိုလိုက်လျှင် … မုတ်ကောင်မှ ရသော အဖြူရောင် နို့နှစ်ရောင် ပုလဲများကိုသာပြေးမြင်ကြမည်။ စင်စစ်ဘူမိယမြေကျောက်၌ ဖြစ်ဖြစ်၊ ရုက္ခမူသစ်ပင်များ ၌ ဖြစ်ဖြစ်၊ တိရစ္ဆာန်တို့ ၌ ဖြစ်ဖြစ်၊ ယင်းတို့ ၌ အခွင့်အခါသင့်လျှင်က ပုလဲများကိုရနိုင်၏။

တကယ်တော့ပုလဲဟူသည် သဘာဝအလျောက်ဖြစ်သော အနှစ်အခံ အမာတစ်မျိုးပင် ဖြစ်သည် ။ တစ်နည်းအားဖြင့် ‘အမြုတေ’များ ပင်ဖြစ်သည် ။ အမြုတေကိုပညာရှင်တို့ က အနှစ်၊ အနှစ်သာရ၊ အခဲအမာတစ်

မျိုး၊ ပုလဲ ... ဟူ၍ အနက်ဖွင့်ဆိုထားသည် ။

အမတေဟု ခေါ်သော အမြုတေဝေဟာရသည် အမတပုဒ်မှ လာပါသည် ။ တည်မြဲခြင်း၊ ခိုင်ခံ့ခြင်း၊ ပျောက်ပျက်ရန်မလွယ်ခြင်း ဟူသောအနက်ရသည် ။ အမြုတေတို့ ၌ ထူးခြားသောစွမ်းရည် သတ္တိအချို့ရှိကြသည် ဖြစ်ရာ ခေတ်မီသိပ္ပံနည်းပညာတို့ နှင့် စမ်းသပ်ရန် အလှမ်းဝေးနေသေးသည် ။

မည်သို့ပင်ဆိုစေ ... ထိုအမြုတေရှိစွမ်းရည်သတ္တိများက ထိုအမြုတေကိုဆောင်သောသူအား သူတို့ ပေးနိုင်သော အကျိုးကျေးဇူးကိုပေးနေသည် ကတော့ အမှန်ဟု ဆို၏။ အမြုတေတို့ ပေးနေသော အကျိုးကျေးဇူးများကား ... စိန္တာမယသိဒ္ဓိ၊ ဥဒကသိဒ္ဓိ၊ ပထဝီသိဒ္ဓိ၊ ဓနသိဒ္ဓိ၊ အာယုသိဒ္ဓိ၊ ကာယသိဒ္ဓိ၊ အာရောဂျသိဒ္ဓိ၊ ပီယသိဒ္ဓိ၊ ဣဒ္ဓိဝိဓသိဒ္ဓိ စသည့် ဆယ်ပါးသောသိဒ္ဓိများ အနက် တစ်ပါးပါးသောအကျိုး ကျေးဇူးကို ပေးစွမ်းရှိ၏။

ကျောက်ပုံအမြုတေသည် ... ကာယသိဒ္ဓိ၊ ခြသံအမြုတေသည် ဓနသိဒ္ဓိ၊ ဝါးအမြုတေသည် ပီယသိဒ္ဓိ၊ ဥသျှစ်အမြုတေသည် အာရောဂျသိဒ္ဓိ၊ ဂျိုး(ချိုး)အမြုတေသည် ကာယသိဒ္ဓိ၊ ဝက်အမြုတေသည် ကာယသိဒ္ဓိ၊ မြွေအမြုတေသည် ပီယသိဒ္ဓိ၊ ဓနသိဒ္ဓိ၊ သက်ရင်းကြီး အမြုတေသည် ကာယသိဒ္ဓိ၊ ဇကမုခ်အုန်းအမြုတေသည် ကာယသိဒ္ဓိ၊ သမင်တစ်ပင်တိုင်ချိုအမြုတေသည် ကာယသိဒ္ဓိ၊ ဆင်အမြုတေသည် ပီယသိဒ္ဓိပြီးသည် ဟု ... ယူမှတ်ကြသည် ။

ဆရာက ဆက်၍ ရေးသားထားသည် မှာ ...

တစ်ခါ အမြုတေကိုတန်ဖိုးထားသိနားလည်သူများ တပင်တပန်းရှာဖွေပါသော်လည်း မရကြ။ အမြုတေတန်ဖိုးကိုမသိ။ နားလည်း မလည်သူတို့ လက်ထဲရောက်ရှိနေမှုကလည်း နားမလည်နိုင်စရာတဲ့ ...

နောက်တွေးစရာတစ်ခုကား ... သိဒ္ဓိပစ္စည်းအချို့၌ ဘေးထွက်ဆိုးကျိုးရှိနေသလား ဆိုသည် ပဲဖြစ်သည် ။ အချို့ကာယသိဒ္ဓိပြီးအမြုတေကို ဆောင်လိုက်ရသည့် လူရိုးလူအေးသည် ခက်ထန်ကြမ်းတမ်းသော စရိုက်လက္ခဏာများ ဘက်သို့ ပြောင်းသွားသည် လည်း ရှိ၏။ အခန့်မသင့်လျှင် ... ဓနလာဘလာဘ်ဘက်မှာ လည်း ပိတ်သွားသည် ရှိ၏ တဲ့ ။

ဒ့ါအပြင် ... ကာယသိဒ္ဓိဝင်ပစ္စည်းကို စစ်မစစ် စွမ်းမစွမ်း စမ်းသပ်ဖန်များ လာသောအခါ တစ်နည်း ကြွားဝါပြချင်သောစိတ်ဓာတ်မျိုးဖြင့် လုပ်ဆောင်ပါများ လာလျှင် ... ပင်ကိုစွမ်းရည်များ သိဒ္ဓိတန်ဖိုးများ ရုတ်ခြည်းပျောက်ကွယ်သွားသည် လည်း ရှိသည် ဟု ဆိုကြ၏။

သက်ရင်းကြီးနှစ်အမြုတေသည် ကာယသိဒ္ဓိဘက်၌ အစွမ်းထက်ပါသော်လည်း ကျွဲလိုက်ခံရတတ်မှု၊ ရေနစ်တတ်မှု စသည့် အကျိုးဆက်ညံ့ကိုလည်း ခံစားရတတ်သည် ဆို၏။ မြွေအမြုတေသည် ပီယသိဒ္ဓိ၊ ဓနသိဒ္ဓိပြီးသည် ဆိုသော်လည်း ... ၎င်းပစ္စည်းရသူ လုပ်ငန်းရှင်တစ်ဦး လာဘ်ပိတ်နေသဖြင့် ကျွမ်းကျင်နားလည်သူများ လမ်းညွှန်ချက်အရ မြွေအမြုတေအား ပတ္တမြားကျောက်တစ်ပွင့်နှင့် အတူ တွဲ၍ ဆောင်လိုက်တော့မှ လာဘ်ပွင့်နိုင်သည် ဟု ဆို၏။

(ကျမ်းကိုး. . . ဆရာရှိန်းအောင်(ဂမ္ဘီရဗေဒ))

ဆိုရလျှင် ... သိဒ္ဓိဝင်ပစ္စည်းများ သည် ကောင်းကျိုးနှင့် ဆိုးကျိုး ဒွန်တွဲ၍ ပေးသည် လည်း ရှိ၏။ သီလကောင်းလျှင် ကောင်းသလို အကျင့်သီလညံ့လျှင် ညံ့သလို သိဒ္ဓိအတိုးအလျှော့လည်း ရှိသည် ကို ကြားမြင်ကြုံသိခဲ့ရသည် ။

အခု ... မြောင်းမြမှ ဦးရွှေလေးမောင် ၏ စာအရ သိဒ္ဓိအစွမ်းရှိသူများ

ကို အခြေခံ၍ လှိုု့ဝှက်ဆန်းကြယ် ဖြစ်ရပ်ဆန်းတစ်ခုကြားသိရမည်ကို စာရေးသူသိလိုက်ရပေပြီ … ကျွန်ုပ်သည် အဆန်းတကြယ် လောကီကိစ္စများကို လွန်စွာစိတ်ဝင်စားပါသည် ။ ၎င်းပစ္စည်းများ နှင့် ဆက်စပ်သည့် ဇာတ်လမ်းဆိုလျှင်ဆိုဖွယ်ရာမရှိပြီ …

သို့နှင့် မကြာမီ … မြောင်းမြမြို့မှ ဦးရွှေလေးမောင် ထံသို့ လွန်စွာမျှ ကျေးဇူးတင်ပါကြောင်း နှင့် ဘယ်နေ့ဘယ်ရက် ကျွန်တော်အရောက်လာ ခဲ့မည်ဖြစ်ကြောင်း မှတ်ပုံစာပို့၍ အကြောင်းပြန်လိုက် လေသည် ။ (၄)ရက်မြောက်သောနေ့၌ ဦးရွှေလေးမောင်ထံမှ ပြန်စာကို ရရှိခဲ့သည် ။ စာတွင် ဆရာ ဦးညိုမှိုင်း လာမည်ဆို၍ မိသားစုအားလုံးဝမ်းသာပျော်ရွှင်နေကြပါကြောင်းနှင့် အားလုံးအသင့် ကြိုတင်ပြင်ဆင်ထားကြောင်း ရေးသားထားသည် ကို ဖတ်ရှုရပေသည် ။

(၇)ရက်မြောက် စနေနေ့၌ ကျွန်ုပ်မြောင်းမြမြို့သို့ရောက်ရှိသွားခဲ့၏။ မြောင်းမြမြို့ ကြိုးတံတားအနီးရှိ ရပ်ကွက်တစ်ခုနေအိမ်သို့ လိပ်စာပါအတိုင်း ကျွန်ုပ်ရောက်ရှိသွားသောအခါ အသက်(၈၀)ကျော်ခန့်ရှိသည့် လူရည်သန့်လူကြီးတစ်ဦးအပါအဝင် မိသားစုများကလှိုက်လှဲဝမ်းသာစွာကြိုဆိုကြသည် ။ ထိုလူကြီးကားအငြိမ်းစားစုံထောက်အရာရှိ ဦးရွှေလေးမောင် ဆိုသူ ဖြစ်လေသည် ။

မိသားစုအားလုံးဖော်ရွေကြ၏။ ကျွန်ုပ်အား လိုလေသေးမရှိတာဝန်ယူကြ၍ လွန်စွာမှ အားနာရကား … ကျွန်ုပ်အတွက် ဖွယ်ဖွယ်ရာရာအထူးစီစဉ်ပေးရန် မလိုအပ်ပါကြောင်း ကျွန်ုပ်သည် စာရေးဆရာဘဝမှာကြုံသလိုရသလိုနေတတ်ခဲ့ အသားကျခဲ့သူဖြစ်၍ အားနာစရာမလိုကြောင်း ပြောပြပါသော်လည်း မရ။

စားသောက်ကြပြီးနောက် စာအကြောင်းပေအကြောင်းများကို

မေးကြမြန်းကြပြောကြသည်။ သည့်နောက် ဦးရွှေလေးမောင် က သူအသက်(၂၀)ကျော်အရွယ် ၁၉၄၆-ခုနှစ်ဝန်းကျင် အင်္ဂလိပ် အစိုးရ စုံစမ်းထောက်လှမ်းရေးဌာနမှ တာဝန်ယူခဲ့စဉ်ကကြုံတွေ့ခဲ့ရသော ကြောင်တစ်ရာ သက်ပြင်းနှင့် အင်းတစ်ထောင်မင်းဂေါင် အမည်ရှိသော လူထူးဆန်းပုဂ္ဂိုလ်နှစ်ဦးအကြောင်းကို အောက်ပါအတိုင်း ကျွန်ုပ်အား လုံးစေ့ပတ်စေ့ ပြန်၍ ပြောပြခဲ့လေသည်။

* * *